## (၃-၃) သီရိလင်္ကာနှင့် မြန်မာသို့ ပြန့်နှံ့ခြင်း

သီရိလင်္ကာသည် အာသောကဓ၏ သား မဟိန္ဒနှင့် အဖော် ၆ ဦးကြောင့် ဘီစီ ၂ ရာစုအတွင်းတွင် ဘာသာပြောင်း ခဲ့ရသည်။ သူတို့သည် ဘုရင်ကြီး ဒေဝနံပိယ တစ္စနှင့် မှူးမတ်များစွာကို သာသနာပြောင်းစေခဲ့သည်။ ဤအချိန် ကာလသည် ရှေးရိုးစွဲ ဆင်ဟာလီတို့၏ ဗဟိုဖြစ်သည့် မဟာဝိဟာရ ဘုန်းကြီးကျောင်းကို တည်ဆောက်သော ကာလဖြစ်ပေသည်။ ပါဠိ ပိဋကတော်အား မင်းကြီး ဝိတ္တဂါမနီ လက်ထက် ဘီစီ ၂၉- ၁၇ ခုနှစ်များတွင် သီရိ လင်္ကာ၌ မှတ်တမ်းတင် ရေးမှတ်ခဲ့ခြင်း ဖြစ်၍ ထို၌ ထေရဝါဒ ရိုးရာ အားကောင်းခဲ့ပေသည်။ နောက်ပိုင်းတွင် **ဗုဒ္ဓဃောသ** (အေဒီ ၄- ၅ ရာစု) ကဲ့သို့ အချို့သော အဋ္ဌကထာ ပညာရှင်များ ထွန်းကားခဲ့၍ သူတို့သည် ရိုးရာ ပြွန်းသော အဋ္ဌကထာများကို စနစ်တကျ ပြုစုခဲ့ပေသည်။ ထိုကာလတွင် မဟာယာန ဝါဒမှာ သီရိလင်္ကာ၌ အထိုက်အလျောက် ဩဇာလွှမ်းမိုးသော်လည်း ထေရဝါဒမှ အပြီးတိုင် ချုပ်ကိုင်နိုင်ပြီး သီရိလင်္ကာသည် ထေရ ဝါဒ အမာခံနယ်မြေ ဖြစ်လာခဲ့ကာ ထိုမှတဆင့် ၁၁ ရာစုမှ စတင်၍ အရှေ့တောင်အာရှသို့ ပြန့်နှံ့ခဲ့ပေသည်။

အိန္ဒိယ တိုက်ငယ်၏ အရှေ့ဘက်နယ် (ယခုခေတ် မြန်မာနှင့် ထိုင်း) ဒေသများတွင် အိန္ဒိယဉ်ကျေးမှုမှာ မွန်လူမျိုး အပေါ်သို့ အကြီးအကျယ် လွှမ်းမိုးခဲ့ပေသည်။ မဟာယာန၊ ဟိနယာန ဂိုဏ်းများ မကွဲမီ ဘီစီ ၃ ရာစုမှ စတင်၍ အိန္ဒိယ ဧကရာဇ် အာသောကရာဇာ၏ သာသနာပြုခြင်းကို မွန်တို့သည် ခံရသည်ဟု ဆိုပေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပိသနိုးကဲ့သို့ ရှေ့ကျသော မွန်ဗုဒ္ဓကျောင်းဆောင်များသည် အေဒီ ၁ ရာစုနှင့် ၅ ရာစု ကြား ကာလ ကပင် ရှိနေပေသည်။

(ပိသနိုးသည် မွန်တို့လွှမ်းမိုးရာ ဒေသ ဖြစ်ခဲ့သည် ဆိုခြင်းမှာ ကျွန်ုပ်သဘောဖြင့် သမိုင်းရေးခြင်း မဟုတ်ပါ၊ ကျွန်ုပ် အနေဖြင့် ဤ သမိုင်းကို ဝက်ဘ်ဆိုဒ်ပေါ်မှ History of Buddhism ဆိုသည်ကို ဘာသာပြန်ခြင်းသာ ဖြစ်ပါသည်။)



**ဒွာရာဝတီမှ  မွန် ဓမ္မစကြာပုံ (အေဒီ ၈ ရာစု)**

အထူးသဖြင့် အိန္ဒိယ၏ **ဂုပ်တ** ယာဉ်ကျေးမှုနှင့် **ဂုပ်တ** မတိုင်မီ ကာလ ယဉ်ကျေးမှုများ လွှမ်းမိုးသော  မွန်တို့၏ ဗုဒ္ဓယဉ်ကျေးမှုများသည် အေဒီ ၅ ရာစုနှင် ၈ ရာစုအကြား ထွန်းကားခဲ့သော မွန်ဘုရင့်နိုင်ငံများ၏ အောက်တွင် အရှေ့တောင်အာရှ တလျှောက်ပြန့်နှံ့ခဲ့ပေသည်။  အေဒီ ၆ ရာစုပတ်ဝန်းကျင်မှ စ၍ မဟာယာန ဗုဒ္ဓဘာသာ တရွေ့ရွေ့ ပွားများနေသော အရှေ့တောင်အာရှ၏ မြောက်ဘက်ပိုင်းတွင် မွန်တို့၏ ဩဇာအောက်၌  ထေရဝါဒ ထွန်းကားလာခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com